# တက္ကသိုလ်ကျောင်းသားတစ်ဦး

■ အောင်မြည့်

[ "တက္ကသိုလ်နောက်ခံ မြန်မာဝတ္ထုများ"စာတမ်းမှ ]

. . . နောက်ဝတ္ထုကတော့ ဝင်းဦးရဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးပါပဲ။ ဝင်းဦးဟာ အခုအချိန် ရုပ်ရှင်မင်းသားအဖြစ် ကျော်ကြားတာဖြစ်ပေမဲ့လို့ တစ်ချိန်က စာရေးကောင်းသူတစ်ယောက်အဖြစ် ကျော်ကြားခဲ့သူပါ။ ဒီ တက္ကသိုလ်ကျောင်းသားတစ်ဦးဆိုတဲ့ ဝတ္ထုဟာ သူ့ကို အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်အဖြစ် တွန်းပို့လိုက်တဲ့ ဝတ္ထုတွေထဲက အရေးအပါဆုံး ဝတ္ထုတစ်ပုဒ်ပါပဲ။ အခုအချိန် ပြန်ထွက်လာလည်း အောင်မြင်ဦးမှာပါ။

ဒီဝတ္ထုမှာ အင်းဝကျောင်းဆောင်က မောင်သက်ဝေနဲ့ အင်းလျားကျောင်းဆောင်က မခင်ယုတို့အကြောင်းကို အကွေ့၊ အဝိုက်၊ အလှည့်အပတ်ကလေးတွေနဲ့ ရေးထားတာပါပဲ။ ချစ်ခြင်းမေတ္တာဆိုတာ အလှအပ အကြွယ်အဝတွေ မဟုတ်တဲ့အကြောင်း ရေးထားလို့ ရည်ရွယ်ချက်ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ဒါပေမဲ့လို့ ဒီက အဓိက ဇာတ်လိုက် မောင်သက်ဝေဟာ ဝင်းဦး မဟုတ်ပါဘူးလို့ ဝင်းဦးတစ်ယောက်ကို ထည့်ပြထားပေမဲ့ ဝင်းဦးပဲ ဖြစ်နေတယ်ဆိုတာကို နှုတ်ခမ်းမွေးရှိတဲ့အကြောင်းမပြောဘဲ သိသာပါတယ်။ ဒီနောက်မှာတော့ကာ မောင်သက်ဝေဟာ သိပ်ချောတယ်၊ သိပ်လှတယ်။ ကျောင်းသူတွေ မပြောနဲ့ ကျောင်းသားတွေတောင် ရင်သပ်ရှုမောရတယ်လို့ အမွှန်းတင်ထားပုံက 'တယ်လှတဲ့ ငါပါလား' ဆိုထားသလို ဖြစ်နေပါတယ်။ သူ့ကိုယ်သူ မှန်ထဲကြည့်ပြီး ပြန်ရေးထားသလိုမို့ အလွန်အကဲဖြစ်နေတာတွေကိုလည်း တွေ့ရပါတယ်။

ကျောင်းသားတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်လို့ ဇာတ်လမ်းဆင်ပုံကတော့ အတော် အဆင်ပြေပါတယ်။ အလှည့်စားခံရတဲ့ မောင်သက်ဝေရဲ့ ဘဝဟာလည်း ရင်နာစရာကောင်းပါတယ်။ တကယ့်အဖြစ်များလားလို့ ထင်စရာကောင်းအောင် ရေးပြထားတာပါပဲ။

တက္ကသိုလ်မောင်လှသူရေးတဲ့ ဝင်းဦးရဲ့ တကယ့်အကြောင်းကို ရေးထားတဲ့ 'တစ်ခေတ်မှာတစ်ယောက်' ဆိုတဲ့ စာအုပ်ထဲမှာ "ယနေ့ အောင်မြင်မှုသရဖူကို ဆောင်းထားသော အနုပညာရှင်တစ်ဦးအား စွဲစွဲလမ်းလမ်း ချစ်ခဲ့ရသော ချစ်ဝေဒနာမျိုး" လို့ ဖတ်ရပြီးတော့ တက္ကသိုလ်ကျောင်းသားတစ်ဦးထဲမှာလည်း မောင်လှသူ ဖွင့်ပြတဲ့ အဖြစ်မျိုးလေးတွေ ပါနေတော့ သူ့ အသည်းနင့်၊ ရင်နင့်ချစ်ခဲ့ရတဲ့ ဇာတ်ဆောင် အမျိုးသမီးရဲ့ နာမည်ကိုလည်း မခင်ယုလို့ ရေးထားတော့ ကိုယ့်အတွေးနဲ့ကိုယ် ဖတ်ရတာ တော်တော်အရသာရှိပါတယ်။ ဒီဝတ္ထုထဲက ပုတ်ခတ်စောင်းမြောင်းတဲ့၊ မလိုအပ်တဲ့ စာပိုဒ်မျိုးတွေ ဖြတ်လိုက်ရင် အချစ်ဝတ္ထုသက်သက်အဖြစ်နဲ့ ပြည့်ပြည့်ကောင်းလာမယ်လို့ ယူဆပါတယ်။ ■

## မာတိကာ


| | | |
|---|---|---|
| ၁။ | တက္ကသိုလ်ကျောင်းသားတစ်ဦး | ၂ |
| ၂။ | သတ္တိမရှိသော ယောကျ်ား | ၁၃၅ |
| ၃။ | အနမ်းသံသရာ | ၁၆၆ |
| ၄။ | တက္ကသိုလ်ဆရာမတစ်ဦးပြောသော အချစ်ပုံပြင်ဟောင်း | ၁၈၇ |
| ၅။ | မန်းမြို့သူဇာမေ | ၂၁၈ |


❑